BRITISH COUNCIL

# ညွှန်ကြားရေးမှူးထံမှ အမှာစကား (၂၀၂၀ ဧပြီလ ၈ ရက်)

သင်္ကြန်ပိတ်ရက်များနီးကပ်လာပြီဖြစ်သည့်အတွက် ပျော်စရာနှစ်သစ်ဖြစ်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလိုက်ပါသည်။

ထုံးစံအရ ယခုလိုအချိန်တွင် မြန်မာနိုင်ငံ၌ လူအများသည် ဘုရားသွားခြင်း၊ မိသားစု/သူငယ်ချင်းများနဲ့ တွေ့ဆုံခြင်း၊ ရေကစားပြီး နှစ်သစ်ကို ကြိုဆိုခြင်းနှင့် အရသာရှိသော သင်္ကြန်မုန့်သရေစာများ စားသောက်ခြင်းတို့ကို ပြင်ဆင်ရန် အလုပ်များလေ့ရှိကြပါသည်။

ဒီနှစ်တွင် ကိုရိုနာဗိုင်းရပ်စ် ကပ်ရောဂါကြောင့် ထိုဆင်နွှဲမှုများသည် ထိုက်သင့်သည့် အားလျော်စွာ မကျင်းပဖြစ်တော့ပါ။

#CultureConnectsUs

ယခင်အမှာစကားတွင်ဖော်ပြခဲ့သည့်အတိုင်း ယခုအခြေအနေများကြောင့် မြန်မာနိုင်ငံရှိပြည်သူများနှင့် အဖွဲ့အစည်းများအား ယူကေနိုင်ငံသို့ ရုပ်ပိုင်းဆိုင်ရာဆက်သွယ်ပေးရန် မဖြစ်နိုင်ပါ။ သို့သော်လည်း ကျွန်ုပ်တို့၏ နှစ်နိုင်ငံအတွင်း ယုံကြည်မှုနှင့်နားလည်မှုတည်ဆောက်ရန် ဆန္ဒမှာယခင်ကလိုပင် ပြင်းပြလျှက်ရှိပါသည်။ မိမိတို့အချင်းချင်းဆက်လက် အဆက်အသွယ်ရှိနေစေရန် နည်းလမ်းများစွာရှိနေပြီး ၎င်းတို့ကို သင်၏အားလပ်ရက်များတွင် အသုံးပြုနိုင်မည်ဟု မျှော်လင့်ပါသည်။

သင်သည်အင်္ဂလိပ်စာလေ့လာနေသူဖြစ်ပါက ကျွန်ုပ်တို့၏အွန်လိုင်းအရင်းအမြစ်များကို အချိန်မရွေး လေ့လာနိုင်ပါသည်။ အင်္ဂလိပ်စာသင်ခန်းစာများကို ဤနေရာတွင်အခမဲ့လေ့လာပါ။

သင်သည်အင်္ဂလိပ်စာသင်ကြားသည့် ဆရာ/ဆရာမ ဖြစ်ပါက စာသင်ခန်းအတွင်း သင်၏အရည်အချင်းနှင့် ယုံကြည်ကိုမြှင့်တင်ရန် အခမဲ့အရင်းအမြစ်များကို ဤနေရာတွင် လေ့လာပါ။

ကျွန်ုပ်တို့၏ဒစ်ဂျစ်တယ်စာကြည့်တိုက်ကို အစဉ်အမြဲ မြန်မာနိုင်ငံတစ်ဝှမ်းမှအသုံးပြုနိုင်စေရန် ဖွင့်လှစ်ထားဆဲဖြစ်ပါသည်။ အကောင်းဆုံး ဒစ်ဂျစ်တယ်စာအုပ်များ၊ မဂ္ဂဇင်းများ၊ တေးဂီတနှင့် ယဉ်ကျေးမှုဆိုင်ရာအကြောင်းအရာများကို မည်သို့ ဝင်ရောက်ဖတ်ရှုနိုင်ကြောင်းကို ဤနေရာ တွင်လေ့လာနိုင်ပါသည်။

နှစ်သစ်ကူးပိတ်ရက်များအပြီးတွင် စတင်မည့် ကျွန်ုပ်တို့၏အောက်ပါ Mass Open Online Courses (MOOCs) ကို အခမဲ့တက်ရောက်ရန်လည်း စာရင်းသွင်းနိုင်ပါသည်။

Understanding IELTS: Writing - ဧပြီလ ၂၇ ရက်နေ့တွင်စမည်။

Understanding IELTS: Listening - ဧပြီလ ၂၇ ရက်နေ့တွင်စမည်။

သင်္ကြန်ပြီးသည့်နောက်အခြားဝန်ဆောင်မှုများအတွက် အစီအစဉ်များကိုလည်း လုပ်ဆောင်လျက်ရှိပါသည်။ ကျွန်ုပ်တို့၏အင်္ဂလိပ်စာသင်တန်းများအတွက် virtual ဝင်ခွင့်စာမေးပွဲများပြုလုပ်ပေးနေပြီး ဧပြီလအကုန်တွင် virtual သင်တန်းများ စတင်ရန်စီစဉ်ထားပါသည်။ ဤ virtual သင်တန်းများသည် နေရာမရွေးသင်ယူနိုင်သော အွန်လိုင်းသင်ယူမှုအစီအစဉ်များဖြစ်ပြီး ကျွမ်းကျင်သူဆရာ/ဆရာမများက အပြန်အလှန် တုံ့ပြန်မှုရှိသော အွန်လိုင်းသင်တန်းလုပ်ဆောင်မှုများ၊ လမ်းညွှန်ထားသည့် သင်ယူရေးလှုပ်ရှားမှုများနှင့်တကွ ဦးဆောင်သင်ကြားပေးမည်ဖြစ်ပါသည်။

#CultureConnectsUs

ကျွန်တော်ကတော့ ရန်ကုန်မြို့ရှိအိမ်တွင် နှစ်သစ်ကိုကျင်းပပါမည်။ များသောအားဖြင့် မြို့ထဲသို့သွားပြီး ပျော်ပွဲရွှင်ပွဲတွေမှာ ပါဝင်ရခြင်းကို နှစ်သက်ပါသည်။ ဒီနှစ်မှာတော့ အိမ်မှာပင် ကိုယ့်ကိုယ်ကို လုံခြုံတဲ့ပမာဏလောက် ရေအနည်းငယ်ပတ်ပြီး ကျွန်တော်အကြိုက်ဆုံးမြန်မာသင်္ကြန်အစားအစာဖြစ်သည့် မုန့်လက်ဆောင်းနှင့် ရွှေရင်အေးကို လုပ်စားဖို့ ကြိုးစားပါမည်။

ကံကောင်းပါစေလို့ ဆုတောင်းပေးကြပါ။

ဗြိတိသျှကောင်စီကိုယ်စား ကျွန်ုပ်တို့၏ စဉ်ဆက်မပြတ်အားပေးကူညီနေမှုများကို ယုံကြည်စိတ်ချရန် နောက်ထပ်တစ်ကြိမ် ပြောကြားလိုပါသည်။

ဒီနှစ်သစ်ဟာ ပုံမှန်ထက် ကွဲပြားခြားနားနေမည်ဖြစ်သော်ငြားလည်း မြန်မာပြည်သူပြည်သားအားလုံးနဲ့ ယူကေနိုင်ငံသားများအတွက် ကံကောင်းခြင်းများ ဆောင်ကျဉ်းပေးနိုင်လိမ့်မည်ဟု မျှော်လင့်ပါသည်။ Covid-19

ကြောင့်စိန်ခေါ်မှုများစွာရှိနေသော်လည်း မြန်မာနိုင်ငံနှင့် ယူကေနိုင်ငံရှိ ပြည်သူများနှင့် အဖွဲ့အစည်းများကို ဆန်းသစ်သောနည်းလမ်းသစ်များနှင့် ဆက်သွယ်ပေးရန်အခွင့်အလမ်းသစ်တစ်ခုလည်းဖြစ်ပါသည်။

အားလုံး ပျော်ရွှင်စရာနှစ်သစ်ကို ပိုင်ဆိုင်နိုင်ကြပါစေ။

Dr Richard Sunderland
ညွှန်ကြားရေးမှူး
ဗြိတိသျှကောင်စီ မြန်မာ